# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

May 24 , 2024 Volume 78, Number 16

၂၄.၅.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၃၆၀ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၄၁၃၅ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၇၅.၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၅.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၆၈.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၉၁.၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၉.၈၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၃.၈၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၅.၉၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၄၆၃ ကျပ် |

Source: CBM Rate, etrademyanmar.com

CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## ရွှေဈေးနှုန်း တည်ငြိမ်ကျဆင်းရန် မန္တလေးရွှေဈေးကွက် အရောင်းအဝယ် ခေတ္တရပ်နားမည်



ရွှေဈေးနှုန်း တည်ငြိမ်ကျဆင်းရန် မန္တလေးရွှေဈေးကွက် အရောင်းအဝယ် ခေတ္တရပ်နားမည်ဖြစ်ကြောင်း မန္တလေးတိုင်း ရွှေလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"လောလောဆယ်တော့ ခဏပိတ်ထားတာပေါ့။ ရက်ကတော့ အကန့်အသတ်မရှိပေါ့။ ဘယ်အချိန်မှ အရောင်းအဝယ် ပြန်ဖွင့်မလဲဆိုတာတော့ မသိရသေးပါဘူး"ဟု မန္တလေးတိုင်းရွှေလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

လတ်တလောတွင် ရွှေဈေးနှုန်းတည်ငြိမ်ကျဆင်းစေရန် ယင်းသို့ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အသင်းရုံးတွင် အရောင်းအဝယ်ပြုလုပ်ခြင်းကိုသာ ပိတ်ထားခြင်းဖြစ်ကြောင်းသိရသည်။ ရွှေဆိုင်တွေကတော့ သူ့ဟာနဲ့သူ ရောင်းဝယ်ကြတာပေါ့။ ရွှေဆိုင်တွေတော့ မပိတ်ပါဘူး"ဟု အဆိုပါအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ထို့ပြင် မန္တလေးတိုင်းရွှေလုပ်ငန်းရှင်များအသင်းကလည်း ရွှေဈေးနှုန်းတည်ငြိမ်ကျဆင်းစေရေးအတွက် မန္တလေးရွှေအရောင်းအဝယ်ရွှေဈေးကွက် ခေတ္တရပ်နားထားပါမည်။ ရုံးလုပ်ငန်းများ လုပ်ဆောင်ရန်အတွက် အသင်းရုံးခန်းကို ဖွင့်လှစ်ထားပေးပါမည်ဟု သတင်းထုတ်ပြန်ထားသည်။

၂၀၂၃ ခုနှစ်ကလည်း ရွှေဈေးနှုန်းများမြင့်တက်မှုကြောင့် မန္တလေးတိုင်းရွှေလုပ်ငန်းရှင်များအသင်းမှ ရွှေအရောင်းအဝယ်ဈေးကွက်ကို နှစ်ကြိမ်အထိပိတ်ခဲ့ဖူးကြောင်း သိရသည်။

ကမ္ဘာ့ရွှေဈေးနှုန်း မြင့်တက်လာမှုနှင့်အတူ ပြည်တွင်းရွှေဈေးနှုန်းမှာလည်း လိုက်ပါမြင့်တက်လျက်ရှိကြောင်း ပြင်ပရွှေဈေးကွက်မှသိရသည်။ ပြင်ပရွှေဈေးကွက်တွင် ဖွင့်လှစ်ထားသည်ဆိုသည့် ဈေးနှုန်းအရ အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ်သိန်း ၅၀ ကျော်သို့ရောက်ရှိနေပြီး ရန်ကုန်တိုင်းရွှေလုပ်ငန်းရှင်များအသင်း၏ မေ ၂၃ ရက်ညနေပိုင်းတွင် ထုတ်ပြန်ထားသည့်ဈေးနှုန်းမှာ တစ်ကျပ်သားလျှင် ကျပ်သုံးဆယ့်ကိုးသိန်းကိုးသောင်းကိုးထောင့်ရှစ်ရာဖြစ်ကြောင်း သိရသည်။

Source: https://news-eleven.com/article/291936

## ပြည်တွင်း ရော်ဘာခြံပိတ်ရာသီရောက်ခါနီး ရော်ဘာဈေးမြင့်တက်နေ




မိုးတွင်းကာလ ရော်ဘာခြံပိတ်ရာသီရောက်ခါနီး ရော်ဘာဈေး မြင့်တက်နေကြောင်း ရော်ဘာလုပ်ငန်းရှင်များထံမှ သိရသည်။

ပြည်တွင်းရော်ဘာဈေးမှာ နိုင်ငံတကာပေါက်ဈေးပေါ် မူတည်ပြီး ဈေးအတက်အကျဖြစ်ပေါ်ခြင်းဖြစ်ပြီး ဒေါ်လာဈေးနှင့်ကမ္ဘာ့ဈေးမှာ မြင့်တက်နေခြင်းကြောင့် အမြင့်ဈေးတွင်ရှိနေခြင်းဖြစ်ကြောင်း သိရသည်။

"မိုးတွင်းရောက်မှ ဈေးတက်တော့လဲဘာမှမထူး၊ တချို့တောင်သူတွေ ရောင်းစားလို့ကုန်နေပြီ၊ လှောင်လက်တွေ ဒိုင်တွေအတွက် ဈေးတက်ပေးတယ်လို့ပြောရမှာပဲ။ မိုးတွင်း ခြံတွေလဲပိတ်ရတော့မှာ"ဟု မော်လမြိုင်မှ ရော်ဘာလုပ်ငန်းရှင်တစ်ဦး ကပြောသည်။

ပြည်ပ လိုအပ်ချက်များရှိနေပြီး ဒေါ်လာဈေးမှာလည်း အမြင့်ဈေးတွင် ရှိနေသောကြောင့် ရော်ဘာဈေးမှာ နှစ်ထောင်ကျော်ထိ မြင့်တက်ခဲ့ပြီး ရော်ဘာဈေးမှာ ဒေါ်လာဈေးပေါ်မူတည်ပြီး ထပ်မံ မြင့်တက်နိုင်ဖွယ်တော့ရှိကြောင်းသိရသည်။ ယခင်က ပြည်တွင်းရော်ဘာ တစ်ပေါင်လျှင် ၁၀၀၀ ကျော်သာရှိခဲ့ပြီး လက်ရှိတစ်ပေါင်လျှင် ၁၉၅၀ မှ ၁၉၈၀ အထိ ပေါက်ဈေးရှိကြောင်း မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ သိရသည်။ သို့သော် ပြင်ပပေါက်ဈေးတွင် နေရာဒေသအပေါ် လိုက်ကာ တစ်ပေါင်လျှင် ၂၀၀၀ ကျော် အထိပေါက်ဈေး မြင့်တက်နေခြင်းဖြစ်သည်။

အမိက ကမ္ဘာ့ရော်ဘာဈေးပဲတက်တယ်။ နိုင်ငံတကာမှာ ရော်ဘာအထွက်နှုန်းတွေ ကျဆင်းနေတယ်၊ အမြင့်ဆုံး ထုတ်လုပ်တဲ့ ထိုင်းနိုင်ငံမှာလဲ ရာသီဥတုကြောင့်အထွက်ကျတယ်။ ရော်ဘာလိုအပ်ချက်မြင့်တော့ ဈေးမြင့်ပြီးဝယ်ကြတာပေါ့။ မိုးအခြေအနေကြည့်ပြီး ခြံပိတ်ရတယ်။ ဒီနှစ်တော့ မိုးနောက်ကျမယ်ထင်တယ်"ဟု မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ရော်ဘာမှာ ပြည်ပပို့ကုန်များအတွက် အရေးပါသော စက်မှုကုန်ကြမ်းဖြစ်သော်လည်း ရော်ဘာအစေးခြစ်ခြံ အများစုမှာ မိုးများသောကာလများ၌ အစေးခြစ်ခြင်းများကို ရပ်နားထားရခြင်းဖြစ်သည်။ ထို့ကြောင့် ထိုကာလမှာ လုပ်ငန်းရှင်များက ရော်ဘာခြံပြုပြင်ထိန်းသိမ်းမှုများလုပ်ကြကြောင်းသိရပြီး အထွက်နှုန်းလည်းလျော့နိုင်ကြောင်း သိရသည်။

လက်ရှိ နိုင်ငံတကာပေါက်ဈေး တစ်တန်လျှင် ဒေါ်လာ ၂၀၀၀ ထိရှိကြောင်းသိရသည်။ လက်ရှိ မြန်မာရော်ဘာစုစုပေါင်း၏ ၇၅ ရာခိုင်နှုန်းခန့်အား တရုတ်နိုင်ငံသို့ အဓိကတင်ပို့လျက်ရှိကာ မလေးရှား၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ ကိုရီးယား၊ အိန္ဒိယနှင့် ဂျပန်နိုင်ငံများသို့လည်း တင်ပို့မှုများရှိကြောင်း၊ အများဆုံးအနေဖြင့် ပင်လယ်ရေကြောင်းမှ တင်ပို့လျက်ရှိကြောင်း သိရသည်။

တစ်နိုင်ငံလုံး ရော်ဘာစိုက်ဧက တစ်သန်းခြောက်သိန်းနှင့်လေးသောင်းကျော်ထိရှိပြီး ပြည်ပနိုင်ငံများသို့ နှစ်စဉ် ရော်ဘာတန်ချိန် သုံးသိန်းခန့် တင်ပို့လျက်ရှိကြောင်း သိရသည်။

Source: (AMIA)

Myanma Awba Group

## မတ်ပဲ၊ ပဲစင်းငုံနှင့် ပြည်တွင်းသုံးကုလားပဲအုပ်စု ဆက်လက်ဈေးမြင့်တက်လာ အသစ်ဝင်မြေပဲဆန်များ ဈေးကျဆင်းနေ

မတ်ပဲ၊ ပဲစင်းငုံနှင့် ပြည်တွင်းသုံးကုလားပဲအုပ်စု ဆက်လက် ဈေးမြင့်နေကြောင်း ပဲကုန်သည်များထံက သိရသည်။ ပြည်တွင်းသုံး ပဲမာလိုင်းများမှာ ဈေးပြောင်းလဲမှုမရှိဘဲ အရောင်းအဝယ်ပုံမှန်သာရှိနေသည်။

ပြည်တွင်းသုံး ကုလားပဲများ ဆက်လက်ဈေးမြင့်လာပြီး ပို့ကုန်ပဲများ ဈေးအနည်းငယ်သာ မြင့်တက်နေကြောင်း၊ အသစ်ဝင်မြေပဲဆန်များ အဝင်များသလောက် အဝယ်ကောင်းနေရာ မိုးမိအရည်အသွေးကျလျှင် ဈေးကျဆင်းသော်လည်း ထိပ်စအရည်အသွေးကောင်း မြေပဲဆန်များကို တရုတ်လိုင်း အဝယ်ကောင်းနေကြောင်း၊ တရုတ်နိုင်ငံမှ တင်သွင်းသည့်

ကနေဒါစားတော်ပဲမှာ အဝင်မရှိတာကြောင့် ဈေးမြင့်လာကြောင်း မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်သွင် (ရွှေစင်သိန်းပွဲရုံ)ကပြောသည်။ "ကုလားပဲဈေးတွေ လက်ကျန်နည်းလာလို့ ဈေးတက်လာပါတယ်။ ဒီနေ့ပေါက်ဈေးတွေက အရင်သီတင်းပတ်ထက် တစ်အိတ် ငွေကျပ် ၂၀၀၀ လောက် ဆက်တက်လာတာပါ။ ပဲခွဲစက်သမားတွေ အဝယ်ကောင်းနေပါတယ်။ ဈေးအများကြီး တက်တာမျိုးမဟုတ်ဘဲ ဈေးကွက်ထဲ ရောင်းသမျှကုန်နေပါတယ်။ ပို့ကုန်ပဲတွေကတော့ အနည်းငယ်သာဈေးတက်နေပါတယ်။ မြေပဲဆန်တွေကတော့ အညာအသစ်တွေ တော်တော်ဝင်လာ ပါတယ်။ မိုးမိထားတဲ့ အရည်အသွေးဆိုရင်တော့ ဈေးနည်းပါတယ်။ တရုတ်လိုင်းကတော့ ထိပ်စတစ်မျိုးပဲ အရောင်းအဝယ် ကောင်းနေပါတယ်။ ပြည်တွင်းသုံး ပဲမာလိုင်းကတော့ ဈေးအေး၊ အဝယ်အေးဖြစ်နေပါတယ်။ ပို့ကုန်ပဲတွေက ဈေးအမြင့်ဈေးနဲ့ ငြိမ်နေပါတယ်။ တရုတ်က ပြန်ဝင်တဲ့ ကနေဒါ စားတော်ပဲကတော့ ဈေးပြန်မြင့်နေပါတယ်"ဟု ၎င်းကပြောသည်။

မေ ၂၃ ရက်တွင် ပို့ကုန်ပဲများ အနည်းငယ်သာဈေးမြင့်တက်လာရာ ပို့ကုန်မတ်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၀၅,၀၀၀၊ ပဲစင်းငုံတစ်အိတ်လျှင် ငွေကျပ် ၄၁၀,၀၀၀ ပေါက်ဈေး ဖြစ်လာသည်။ ပဲတီစိမ်းရွှေဝါ တစ်အိတ်လျှင် ငွေကျပ် ၂၁၄,၀၀၀၊ အညာတစ်အိတ်လျှင် ငွေကျပ် ၁၈၀,၀၀၀ ပေါက်ဈေးဖြင့် ဈေးမြင့်တက်လာသည်။ ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ ဆက်လက်ဈေးပြန်မြင့်တက်လာရာ မေ ၂၃ ရက်တွင် ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၂၄၇,၀၀၀၊ ကုလားပဲ V7 တစ်အိတ်လျှင် ငွေကျပ် ၂၅၇,၀၀၀၊ ထိုင်ဝမ်ကုလားပဲ တစ်အိတ်လျှင် ငွေကျပ် ၂၂၉,၀၀၀၊ 929 ကုလားပဲ တစ်အိတ်လျှင် ငွေကျပ် ၂၃၈,၀၀၀ အသီးသီး ဈေးမြင့်တက်လာသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများမှာ ဈေးတည်ငြိမ်နေတာကြောင့် အရောင်းအဝယ်ပုံမှန်သာရှိနေရာ ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၂၇၀,၀၀၀၊ ပဲထောပတ်တစ်အိတ်လျှင် ငွေကျပ် ၄၁၅,၀၀၀၊ မြေထောက်ပဲ တစ်အိတ်လျှင် ငွေကျပ် ၃၃၀,၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၂၅၅,၀၀၀၊ ကနေဒါစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၃၀၀,၀၀၀ ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၇၂၀၀ ပေါက်ဈေးရှိနေသည်။

မေ ၂၃ ရက်တွင် နှမ်းမျိုးစုံ အနည်းငယ်ဆက်လက်မြင့်တက်လာရာ နှမ်းဖြူ(ဂျပန်) ၄၅ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၄၂၀၀၀၀၊ နှမ်းညိုတစ်အိတ်လျှင် ငွေကျပ် ၃၂၀၀၀၀၊ နှမ်းနက်စမုန် တစ်အိတ်လျှင် ငွေကျပ်၄၁၀၀၀၀ အသီးသီးပေါက်ဈေးရှိနေကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း နေလှန်းဆားပိဿာချိန် ၈၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ဒေသထွက်နေလှန်းဆားပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ငပုတောမြို့နယ်မှ ဆားထုတ်လုပ်ရောင်းဝယ်ရေးပိုင်ရှင် ဒေါ်စုခိုင်က ပြောပြ၍သိရသည်။ ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်းက ဒေသထွက်နေလှန်းဆားပိဿာချိန် ၆၅,၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဧပြီလ ၁ ရက်နေ့မှ ၃၀ ရက်နေ့ထိ နေလှန်းဆားပိဿာချိန် ၈၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ နေလှန်းဆား ၁၀ ပိဿာလျှင် ငွေကျပ် ၄၄,၅၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

"ငပုတောမြို့နယ်ကနေ ဒေသထွက်နေလှန်းဆားတွေကို ရန်ကုန်ဈေးကွက်ကိုပဲ တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ ဧပြီလအတွင်း ပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိ မေလထဲမှာလဲ ပိဿာချိန် တော်တော်များများ တင်ပို့ရောင်းချနေရပါတယ်။ ဒီဘက်ကထွက်တဲ့ နေလှန်းဆားတွေက အရည်အသွေးလဲကောင်းပါတယ်" ဟု ဒေါ်စုခိုင်ကပြောပြသည်။

**Source: ရတနာပုံသတင်းစာ**

## ကမ္ဘောဒီးယားနိုင်ငံတကာကုန်စည်ပြပွဲ ၂၀၂၄ တွင် စီးပွားရေးလုပ်ငန်းရှင်ပေါင်း ၂၅၀၀ က ပူးပေါင်း ပါဝင်ပြသခဲ့

နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ရှာဖွေရန်ရည်ရွယ်၍ ကမ္ဘောဒီးယားနိုင်ငံ၊ ဖနွမ်းပင်မြို့ရှိ Koh Pich Convention and Exhibition Centre ၌ ၂၀၂၄ ခုနှစ်၊ မေလ ၁၀ ရက်နေ့မှ ၁၂ ရက်နေ့ထိ (၃) ရက်ကြာ ကျင်းပပြုလုပ်ခဲ့သည့် " ကမ္ဘောဒီးယား

နိုင်ငံတကာကုန်စည်ပြပွဲ ၂၀၂၄ ” တွင် နိုင်ငံပေါင်း ၁၆ နိုင်ငံမှ နိုင်ငံတကာစီးပွားရေးလုပ်ငန်းရှင်ပေါင်း ၂၅၀၀ က ပူးပေါင်းပါဝင်ပြသခဲ့ကြောင်း ဖွင့်ပွဲအခမ်းအနားတွင် ဝန်ကြီးများရုံးတာဝန်ခံ ဒုတိယဝန်ကြီးချုပ် Vongsey Vissoth က ပြောကြားခဲ့သည်။

ဆက်လက်၍ ကမ္ဘောဒီးယားနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Cham Nimulက အဆိုပါ ကုန်စည်ပြပွဲသည် အစိုးရနှင့်ပုဂ္ဂလိက ကဏ္ဍများရှိ အဓိကစီးပွားရေးလုပ်ငန်းရှင်များနှင့် ရင်းနှီးမြှုပ်နှံသူများကြား ချိတ်ဆက်ဆောင်ရွက်ပေးနိုင်သည့် အခွင့်အရေး အပြင် ပါဝင်ပြသသူများအကြား အတွေ့အကြုံများ မျှဝေနိုင်သည့် ပလက်ဖောင်းတစ်ခုဖြစ်ကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် ၎င်း၏ထုတ်ကုန်နှင့်ဝန်ဆောင်မှုများကိုပြသပြီး အလားအလာရှိသော စီးပွားရေးမိတ်ဖက်များနှင့် ဈေးကွက်များကို ဖော်ထုတ်နိုင်မည့် အခွင့်အလမ်းကောင်းတစ်ခုဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် နိုင်ငံတွင်းရင်းနှီးမြှုပ်နှံမှုများ လွယ်ကူချောမွေ့စေရေးနှင့် အကူအညီပေးရေးအတွက် ဝန်ကြီးဌာန၏ ကတိကဝတ်များအပေါ် သံသယရှိစရာမလိုကြောင်းနှင့် ကမ္ဘောဒီးယားအစိုးရ၏ ပြုပြင်ပြောင်းလဲမှုအစီအစဉ်များနှင့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကောင်းများ၊ အထောက်အကူပြု စီးပွားရေး ပတ်ဝန်းကျင်တစ်ရပ်ကို ဖော်ဆောင်ပေးနေပြီဖြစ်ကြောင်း ထပ်လောင်းပြောကြားခဲ့သည်။

ကမ္ဘောဒီးယား၏ ကုန်သွယ်မှုပမာဏသည် ၂၀၂၄ ခုနှစ် ပထမလေးလတွင် ၁၂ ရာခိုင်နှုန်းခန့် တိုးတက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၉၁၃ သန်းထိရောက်ရှိခဲ့ကြောင်း၊ အလားတူ ပို့ကုန်ကဏ္ဍမှာလည်း ၂ ရာခိုင်နှုန်းကျော်တိုးတက်ခဲ့ပြီး ကန်ဒေါ်လာ ၈ ဘီလီယံထိ ရောက်ရှိခဲ့သောကြောင့် ကုန်သွယ်မှုအရှိန်အဟုန် မြင့်တက်လာကြောင်း၊ ယင်းကပင် အမျိုးသားစီးပွားရေးဆောင်ရွက်ချက်များကို မြှင့်တင်ပေးနိုင်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

**Source:** [https://www.khmertimeskh.com/](https://www.khmertimeskh.com/)

**WTO ဌာနခွဲ**

**ကုန်သွယ်ရေးဦးစီးဌာန**

https://www.commerce.gov.mm/my/article/update-news-international-trade/%E1%80%80%E1%

## ကော်ဖီဈေးကွက်ကြီးလာသည့် တရုတ်နိုင်ငံတွင် မြန်မာနိုင်ငံမှကော်ဖီလုပ်ငန်းရှင်များ ပါဝင်ပြသရန်ဖိတ်ခေါ်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပေကျင်းမြို့တွင် CAFE SHOW CHINA 2024 ပြပွဲတွင် မြန်မာနိုင်ငံမှ ကော်ဖီလုပ်ငန်းရှင်များ ပါဝင်ပြသရန် ဖိတ်ခေါ်ထားကြောင်း သိရသည်။

ပေကျင်းမြို့၌ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၃၀) ရက်မှ စက်တင်ဘာလ (၁) ရက်အထိ CAFE SHOW CHINA 2024 ကို ကျင်းပသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ စိတ်ပါဝင်စားသည့် ကော်ဖီလုပ်ငန်းရှင်များ ပါဝင်ပြသနိုင်ကြောင်း သိရသည်။

ယခင် ၂၀၂၃ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သည့် CAFE SHOW တွင် သံရုံးများ၊ ကော်ဖီစိုက်ပျိုး ထုတ်လုပ်သူအသင်းအဖွဲ့များနှင့် ကော်ဖီလုပ်ငန်းရှင်များ ပါဝင်ပြသခဲ့ပြီး ယခုနှစ်ကျင်းပပြုလုပ်မည့်ပွဲတွင်လည်း ထိုနည်းတူဖိတ်ခေါ်ထားသည်။ တရုတ်နိုင်ငံတွင် လူဦးရေ သန်းပေါင်း တစ်ထောင့်လေးရာသုံးဆယ်ခန့်ရှိပြီး ကော်ဖီသောက်သုံးနှုန်း တစ်နှစ်ထက်တစ်နှစ် တိုးတက်လာသည့်အတွက် ကြီးမားသည့်ကော်ဖီဈေးကွက်ကြီးဖြစ်နေ၍ အခွင့်အလမ်းကောင်းများရှိနိုင်ကြောင်း မျှော်လင့်ကြသည်။

“အချက်အလက်တွေအရတော့ ၂၀၂၃ ခုနှစ်မှာ တရုတ်ပြည်ကော်ဖီဈေးကွက်ဟာ ယွမ် ၂၆၅ ဒသမ ၄ ဘီလီယံလောက်ရှိလာနေပြီး တစ်နှစ်ကို ၁၇ ရာခိုင်နှုန်းလောက် ကြီးမားတိုးတက်လာနေကြောင်း” အသင်းသားတစ်ဦးကဆိုသည်။ အဆိုပါ ကုန်စည်ပြပွဲတွင် ပါဝင်ပြသလိုသည့် မြန်မာနိုင်ငံကော်ဖီအသင်းအဖွဲ့များနှင့် လုပ်ငန်းရှင်များ၏အမည်စာရင်းအား မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ၊ ဖုန်း-၀၆၇-၄၀၈၆၂၂၊ E-mail: event.td. myantrade@gmail.com သို့ ဇူလိုင်လ ၁ ရက် (တနင်္လာနေ့) နောက်ဆုံးထားပြီး ပေးပို့နိုင်ကြောင်း သိရသည်။

**Source:** https://www.popularmyanmar.com/?p=159801

## ပခုက္ကူမြို့၌အရောင်းအဝယ်ဖြစ်နေသော မြေပဲဆန်ဈေးနှုန်းဈေးကွက်



မကွေးတိုင်းဒေသကြီး၊ ပခုက္ကူဈေးကွက်၌ ၂၀၂၄ ခုနှစ်၊ မေလ(ဒုတိယပတ်)တွင် မြေပဲဈေးနှုန်းများ ဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။ ပခုက္ကူမြို့သည် မကွေးတိုင်းဒေသကြီးအတွင်း စီးပွားရေးအချက်အချာကျသော မြို့ဖြစ်ပြီး ဒေသထုတ်ကုန်မျိုးစုံ ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိသော မြို့တစ်မြို့ဖြစ်သည်။ မြေပဲသီးနှံမှ မြေပဲဆီ၊ မြေပဲယို၊ မြေပဲဆားလှော်၊ မြေပဲကြွက်ဥစသည့် ကုန်မျိုးစုံထုတ်လုပ် ဖြန့်ဖြူးလျက်ရှိခြင်းကြောင့် မြေပဲရောင်းဝယ်ရေးလုပ်ငန်းများ တွင်တွင် ကျယ်ကျယ်ဆောင်ရွက်လျက်ရှိ၍ မြို့ပေါ်တွင် မြေပဲရောင်းဝယ်ရေးလုပ်ငန်းရှင်(၇၀၀)ဦးခန့်ရှိကြောင်းသိရသည်။ ပခုက္ကူဈေးကွက်သို့ မြေပဲစိုက်ပျိုးမှုများသော ပခုက္ကူကျွန်းရွာများ၊ မြစ်ခြေ၊ ကမ္မနှင့်ယောနယ်ဒေသများဖြစ်သော ပေါက်၊ ဆော၊ ထီးလင်း၊ ကျောက်ထုမြို့များမှ ဝင်ရောက်အရောင်းအဝယ်ဖြစ်ပြီး ယခုအချိန်တွင် မြို့ပေါ်ရှိ ဝယ်လက်ကုန်သည်လုပ်ငန်းရှင်ကြီးမှားမှတစ်ဆင့် မြေပဲများကြိတ်ခွဲထုတ်လုပ်ပြီး မြေပဲဆန်များကို ဒေသတွင်းလုပ်ငန်းရှင်များသို့ ပြန်လည်ဖြန့်ဖြူးရောင်းချကြောင်း၊ မြို့ပေါ်ဈေးကွက်တွင် မြေပဲဆန်(အဖြူ)လုံးသေး (၃)လပဲများ ကုန်သည်လက်ကျန်မရှိ၍ အရောင်းအဝယ်မဖြစ်ကြောင်း၊ (၆)လပဲ လုံးဆန်(အနီ)မျိုးများ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။ မြေပဲဈေးကွက်အနေဖြင့် မေလ(ဒုတိယပတ်)တွင် မြေပဲလုံးဆန်နီ(ရှယ်)တစ်ပိဿာလျှင် ကျပ် (၇၀၀၀)၊ လုံးဆန်တစ်ပိဿာလျှင် ကျပ် (၆၂၀၀ – ၆၃၀၀)၊ ဆီဆန်တစ်ပိဿာလျှင် ကျပ် (၅၀၀၀) ဈေးဖြင့် အရောင်းအဝယ်ဖြစ်ကြောင်း၊ (၂၄)ပြည်ဝင်အိတ်(၄၀၀)ခန့်၊ ပိဿာ(၉၆၀၀)ခန့် နေ့စဉ်အရောင်းအဝယ်ဖြစ်ကြောင်း၊ မြို့ပေါ်ရှိ ဆီစက်လုပ်ငန်းရှင်များနှင့် မြေပဲဆားလှော်လုပ်ငန်းရှင်များအပြင် စားသောက်ကုန်မျိုးစုံထုတ်လုပ်သောလုပ်ငန်းရှင်များမှ ဝယ်ယူမှုများကြောင်း၊ ပခုက္ကူမြို့မှထွက်ရှိသော မြေပဲဆန်များကို ဒေသတွင်းဖြန့်ဖြူးရောင်းချမှုအပြင် ပြည်ပယိုးဒယားနိုင်ငံသို့ မန္တလေးမြို့မှတစ်ဆင့် တင်ပို့လျက်ရှိသော်လည်း ယခုအချိန်တွင် ဒေသတွင်းမြေပဲလက်ကျန်နည်း၍ ပြည်ပသို့တင်ပို့မှုမရှိကြောင်း မြို့ပေါ်ရှိ မြေပဲရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးထံမှ သိရသည်။

**Source:** https://www.doca.gov.mm

https://myantrade.gov.mm/article/naypyitaw_24052024_1124/

TIR

## STOCK EXCHANGE (24.5.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 24th May, 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 27,062 (Shares) | 46,184,800 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,700 | +0 | +0.00% | 8,600 | 8,700 | 8,600 | 212 | 1,841,700 | 33,109,694 | 288,054 |
| MTSH | 00002 | 2,850 | +0 | +0.00% | 2,850 | 2,900 | 2,850 | 1,271 | 3,622,400 | 38,929,150 | 110,948 |
| MCB | 00003 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 0 | 0 | 10,400,986 | 83,208 |
| FPB | 00004 | 1,550 | +0 | +0.00% | 1,550 | 1,550 | 1,500 | 23,947 | 37,074,550 | 29,664,613 | 45,980 |
| TMH | 00005 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 0 | 0 | 12,823,224 | 34,623 |
| EFR | 00006 | 1,700 | +0 | +0.00% | 1,650 | 1,700 | 1,650 | 169 | 279,250 | 19,977,223 | 33,961 |
| AMATA | 00007 | 4,700 | +0 | +0.00% | 4,700 | 4,700 | 4,700 | 5 | 23,500 | 10,497,598 | 49,339 |
| MAEX | 00008 | 2,300 | +0 | +0.00% | 2,300 | 2,300 | 2,200 | 1,458 | 3,343,400 | 23,804,946 | 54,751 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 24th May. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 371.58 | +0.00 | +0.00% | 369.29 | 372.61 | 369.29 | 27,062 | 46,184,800 | 8 | 700,864 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 24th May. 2024

| Trading Volume | Trading Value |
|---|---|
| 37,562 (Shares) | 74,009,800 (MMK) |

### Main Board

As of 1:00 pm, 24th May. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 37,562 (Shares) | 74,009,800 (MMK) |

| MYANPIX | 371.58 ▲ 0.00 |
|---|---|
| Total Volume (shares) | 27,062 |
| Total Value (MMK) | 46 mil |
| Listed Company | 8 |
| Market Cap. (MMK) | 700,864 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,700 | ▲ 0 |
| MTSH | 00002 | 2,850 | ▲ 0 |
| MCB | 00003 | 8,000 | ▲ 0 |
| FPB | 00004 | 1,550 | ▲ 0 |
| TMH | 00005 | 2,700 | ▲ 0 |
| EFR | 00006 | 1,700 | ▲ 0 |
| AMATA | 00007 | 4,700 | ▲ 0 |
| MAEX | 00008 | 2,300 | ▲ 0 |